
TEA
Translator-Min Hein Htet
၈၀ ခုနှစ်မှာ
စာစဉ်(၃၆)

၈၀ ခုနှစ်မှာ

စာစဉ် ၃၆

အပိုင်း ( ၃၅၁ )

ပြိုင်ဘက်

*

ဆစ်ချန်က ဆေးရုံအနီးက တည်းခိုခန်း တစ်ခုမှာ ဆောင်ယုအတွက် အခန်းတစ်ခန်း စီစဉ်ပေးခဲ့ပေမယ့်၊ သူတို့ ထွက်သွားတာနဲ့ တစ်ပြိုင်နက် ဆောင်ယုက အခန်းပြန်အပ်ပြီး ပြန်အမ်းငွေတွေယူကာ တံတားအောက်မှာ ပြန်သွားအိပ်ခဲ့တယ်။

ဆစ်ချန်နဲ့ ထုန်ယောင်တို့က သူ့နောက်ကို တစ်လျှောက်လုံး လိုက်ကြည့်နေခဲ့ပြီး တံတားအောက်မှာ ကွေးကွေးလေး အိပ်နေတဲ့ သူ့ရဲ့

သနားစရာ ပုံစံလေးကို တွေ့ခဲ့ရတယ်။ သူတို့က အနားမသွားဘဲ၊ အဲဒီကို တစ်ခါမှ မရောက်ခဲ့ဖူးတဲ့သူတွေလို တိတ်တိတ်လေး လှည့်ပြန်လာခဲ့ကြတယ်။

ညကောင်းကင်ယံအောက်မှာ၊ ထုန်ယောင်ကတံတားအောက်က ဆောင်ယုကို တွေးမိပြီး မှတ်ချက်ချလိုက်တယ်။ "ဒီတစ်ခါတော့ ဆောင်ယုရဲ့ ပြတ်သားမှုက တော်တော်လေး ခိုင်မာတဲ့ပုံပဲ"

ဆစ်ချန်က မျက်မှောင်ကြုတ်ပြီး ခဏလောက် စဉ်းစားနေကာ နောက်ဆုံးတော့ စကားစလိုက်တယ်။ "အခြေအနေ ဘယ်လိုလာမလဲ စောင့်ကြည့်ရတာပေါ့။ သူ တကယ်ပဲ အလုပ်ရှာနေတာ ဆိုရင်တော့ တည်းခိုခန်းက ပြန်ရတဲ့ ပိုက်ဆံနဲ့ လဝက်လောက်တော့ ရပ်တည်လို့ ရမှာပါ"

သူ့စကားတွေထဲက သွယ်ဝိုက်တဲ့ အဓိပ္ပာယ်ကို သဘောပေါက်သွားတဲ့ ထုန်ယောင်က မျက်တောင်လေး ပုတ်ခတ်လုပ်ပြီး မေးလိုက်တယ်။ "သူသာ တကယ် ကြိုးကြိုးစားစား အလုပ်ရှာချင်တယ် ဆိုရင် ရှင် သူ့ကို ကူညီမှာလား"

"ရှောင်ဟွေးက သူ့ကို ကျူတိုကို ခေါ်လာခဲ့တာလေ။ သူ ဒီမှာ ဆက်နေပြီး တကယ် ကြိုးကြိုးစားစား အလုပ်လုပ်ချင်တယ် ဆိုရင်တော့ သူ့ကို ကူညီဖို့ ကိုယ် ဝန်မလေးပါဘူး" ဆစ်ချန်က ထုန်ယောင်ရဲ့ လက်ကို ကိုင်ပြီး လမ်းဘေးကပ်လျှောက်ဖို့ ဆွဲခေါ်လိုက်တယ်။ တစ်ခါတလေ စက်ဘီးစီးသမားတွေ ဖြတ်သွားတာ မြင်ရင်၊ ထုန်ယောင် အတိုက်မခံရအောင် မသိစိတ်ကနေ သူ ဝင်ကာကွယ်ပေးတတ်တယ်။

"အဲဒါတော့ ဟုတ်တယ်" ထုန်ယောင်

ခေါင်းညိတ်လိုက်တယ်။ "သူက စကားပြော တတ်ရုံ သက်သက်ဆိုပေမယ့် လူဆိုးတော့ မဟုတ်ပါဘူး။ ရှောင်ပွေးကြောင့်သာ မဟုတ် ရင် သူလည်း တော်တော်လေး အကြံအဖန် လုပ် တတ်တဲ့ သူတစ်ယောက် ဖြစ်လောက်တယ်"

ပြင်းထန်တဲ့ ရာဇဝတ်မှုတွေ၊ ကိုယ်ကျင့်တရား မဲ့တဲ့ လုပ်ရပ်တွေကို မလုပ်သရွေ့တော့ လူတိုင်း မှာ တစ်ကိုယ်ကောင်းဆန်တဲ့ အခြမ်းလေးတွေ ရှိကြပြီး ကိုယ့်အကျိုးအမြတ်ကို အများဆုံး ရအောင် ယူတတ်ကြတာပဲလေ။ လူတွေကို အကောင်း အဆိုးလို့ ရိုးရိုးရှင်းရှင်း သတ်မှတ်ဖို့ ခက်ပါတယ်။

တချို့လူတွေက ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ခံယူချက် အားနည်းတာ၊ ပွင့်ပွင့်လင်းလင်း ပြော ရရင် သိက္ခာမရှိတာမျိုး ဖြစ်တတ်တယ်။

ဆစ်ချန်က တခြားသူတွေကို ဝေဖန်ရတာ မ

ကြိုက်ဘူး။ သူက "သူ တကယ် အလုပ်ရှာချင်တယ် ဆိုရင် မနက်ဖြန် စရှာလိမ့်မယ်။ သူ သုံးရက်လောက် တောင့်ခံနိုင်တယ် ဆိုရင်တော့ သူ့ကို ယွမ် ၂၀ လောက် ချေးပေးလိုက်မယ်" လို့ ပြောတယ်။

ရင်းနှီးတဲ့ မောင်နှမတွေတောင် ငွေစာရင်း ရှင်းရှင်းလင်းလင်း ရှိသင့်တယ်ဆိုတဲ့ စကားက အမြဲတမ်း မှန်ကန်ပါတယ်။ ဆစ်ချန်က ဆောင်ယုနဲ့ အရမ်း မပတ်သက်ချင်ပေမယ့်၊ ဆောင်ယုက တကယ် ကြိုးကြိုးစားစား အလုပ်လုပ်ပြီး အခက်အခဲတွေကို ခံနိုင်ရည် ရှိမယ်ဆိုရင်တော့ သူ့ရဲ့ ပြတ်သားမှုကို လေးစားတဲ့ အနေနဲ့ နည်းနည်းပါးပါး ကူညီပေးဖို့ ဝန်မလေးပါဘူး။

ထုန်ယောင်က ခေါင်းလေးစောင်းပြီး သူ့ကို နွေးထွေးစွာ ပြုံးပြလိုက်တယ်။ "အာချန်... ရှင့် အပြင်ပန်းသွင်ပြင်က အေးစက်စက် နိုင်ပေမယ့်

တကယ်တော့ နွေးထွေးတဲ့ နှလုံးသားလေး ရှိတာပဲ။ ရှင် ဆောင်ယုကို မကြိုက်လို့ လုံးဝ မကူညီချင်ဘူးလို့ ကျွန်မ ထင်နေခဲ့တာ"

ဆစ်ချန်က အပြုံးလေးတစ်ခု ပြုံးလိုက်တယ်။ "သူ့ရဲ့ ဖွံ့လုံ့လနဲ့ ကြိုးစားပန်းစား လုပ်ချင်တဲ့ စိတ်ကို ကိုယ် ထောက်ခံတာပါ"

ထုန်ယောင်က လေးလေးနက်နက် ခေါင်းညိတ်လိုက်တယ်။ "သူသာ အလုပ်တစ်ခုမှာ တကယ်ကြိုးစားလုပ်မယ်ဆိုရင်၊ ချက်ချင်း ချမ်းသာမသွားရင်တောင် သူ့ဘဝက အရမ်းကြီး ကြမ်းတမ်းနေမှာတော့ မဟုတ်ပါဘူး။ သူသာ ပင်ပန်းဆင်းရဲတာကို ခံနိုင်ရည် ရှိမယ်ဆိုရင်၊ လီစီးတီးမှာ နေတာထက် ကျိုတိုမှာ ဆက်နေတာက သေချာပေါက် ပိုတောက်ပတဲ့ အနာဂတ် ရှိမှာပါ"

အခုက စီးပွားရေး တဟုန်ထိုး တိုးတက်နေတဲ့

အချိန်လေ။ အခွင့်အရေးတွေကိုသာ သူ ဆုပ်ကိုင်နိုင်မယ်ဆိုရင်၊ လစာရတဲ့ အလုပ်လုပ် ရင်တောင် ပိုက်ဆံနည်းနည်း စုမိပြီး သက်သောင့်သက်သာ နေနိုင်မှာပဲ။

ဒါက သူ ရှောင်ဖွေးလိုမျိုး ဝင်ငွေထက် ပိုသုံး ပြီး သူများနဲ့ အပြိုင်အဆိုင် မလုပ်ဘူးဆိုတဲ့ အချက်အပေါ်မှာ အခြေခံထားတာပေါ့။

ပိုက်ဆံနဲ့ ပတ်သက်လာရင်၊ အဝင်များရင် အသုံးများမယ်၊ အဝင်နည်းရင် အသုံးနည်းရမယ် လေ။ ကိုယ့်မှာ ပိုက်ဆံနည်းနေတဲ့ အချိန်မှာ အကြီးအကျယ် သုံးစွဲဖို့ အိပ်မက်မမက်နဲ့၊ အဲဒါ က ဘယ်နေရာရောက်ရောက် ကောင်းမွန်တဲ့ ဘဝတစ်ခုကို ရစေမှာ မဟုတ်ဘူး။

ဆစ်ချန်က ဘာမှမပြောဘဲ တိတ်နေပြီးနောက် "သူ့ဆုံးဖြတ်ချက်က သူ့အပေါ်မှာပဲ မူတည်ပါ တယ်" လို့ ပြောလိုက်တယ်။

ထုန်ယောင် ခေါင်းညိတ်လိုက်တယ်။ "နောက်ရက်တွေကျရင် သူ့ကို သတိထား စောင့်ကြည့်ရမယ်"

ဆောင်ယုရဲ့အခြေအနေကို စောင့်ကြည့်မယ်လို့ ထုန်ယောင် ပြောခဲ့ပေမယ့် အရမ်းကြီး အာရုံစိုက်နေဖို့တော့ မရည်ရွယ်ပါဘူး။ ဒါပေမဲ့ မထင်မှတ်ဘဲ နောက်တစ်နေ့မှာ သူ့နို့လက်ဖက်ရည်ဆိုင်နားက လမ်းပေါ်မှာ ပေါက်စီတစ်လုံးကို အငမ်းမရ စားနေတဲ့ ဆောင်ယုနဲ့ သွားဆုံတယ်။ အဲဒီနေရာမှာ ထုန်ယောင်ကို တွေ့ရလိမ့်မယ်လို့ သူ မမျှော်လင့်ထားခဲ့တော့ ရှက်လွန်းလို့ သူ့မျက်နှာ နီရဲသွားတယ်။

သူက တွန့်ဆုတ်တွန့်ဆုတ်နဲ့ အထစ်ထစ်အငေါ့ငေါ့ ပြောလိုက်တယ်။ "မရီး... ကျွန်တော် သေချာ စဉ်းစားပြီးပြီ၊ ကျိုတိုမှာပဲ ဆက်နေဖို့ ဆုံးဖြတ်လိုက်တယ်"

အခုချိန်မှာ လီစီးတီးကို ပြန်သွားရင် သူက အလျှောင်ခံ ဖြစ်သွားမှာလေ။ ဘာပဲဖြစ်ဖြစ် သူက ပညာတတ် ယောကျ်ားတစ်ယောက်ဖြစ်ပြီး ကျိုတိုမှာ အသက်ရှင်ရပ်တည်နိုင်လိမ့်မယ်လို့ ယုံကြည်ထားတယ်။

ခဏလောက်တော့ ပင်ပန်းခံပြီး ပိုက်ဆံ နည်းနည်း စုဖို့ သူ စီစဉ်ထားတယ်။ စုဆောင်းငွေ နည်းနည်း ရလာတာနဲ့ သူက ပိုပြီး သက်သောင့်သက်သာရှိပြီး အလားအလာကောင်းတဲ့ အလုပ်တစ်ခုကို ပြောင်းလုပ်ကာ၊ သူက လုံးဝ အသုံးမကျတဲ့သူ တစ်ယောက် မဟုတ်ဘူးဆိုတာကို ရှောင်ဟွေး သိအောင် လုပ်ပြမယ်လေ။

ရိုးရိုးသားသား ပြောရရင် ဆောင်ယုရဲ့ ရင်ဘတ်အနက်ရှိုင်းဆုံး နေရာမှာ ရှောင်ဟွေးအပေါ် သံယောဇဉ် ရှိနေတုန်းပါပဲ။

ထုန်ယောင်ရဲ့ မျက်လုံးတွေထဲမှာ ပါးနပ်တဲ့ အရောင်လေး တစ်ချက် လက်သွားပြီး တမင် သက်သက် မေးလိုက်တယ်။ "နင့်မှာ ပိုက်ဆံမရှိဘူးလို့ ပြောထားတာ မဟုတ်ဘူးလား။ အခု စားဖို့ ပိုက်ဆံ ဘယ်ကရတာလဲ"

ဆောင်ယု နည်းနည်း နေရခက်သွားပြီး တိုးတိုးလေး ပြန်ဖြေတယ်။ "မနေ့ညက မရီးတို့ စီစဉ်ပေးတဲ့ အခန်းကို ကျွန်တော် ပြန်အပ်လိုက်တယ်၊ အဲဒီမှာ မနေခဲ့ပါဘူး" အဲဒီအချိန်တုန်းက အခန်းပိုင်ရှင်က တော်တော်လေး ဒေါသထွက်ပြီး သူ့ကို အကြာကြီး ဆူပူကြိမ်းမောင်းပြီးမှ မကျေမနပ်နဲ့ ပိုက်ဆံပြန်အမ်းပေးလိုက်တာ။

"ဪ..." ထုန်ယောင် ခေါင်းညိတ်လိုက်တယ်။ "နင် အလုပ်ရပြီး တကယ်ပဲ စားဖို့သောက်ဖို့ အခက်အခဲ ရှိလာရင် တို့ဆီ လာခဲ့လို့ ရတယ်နော်"

ဆောင်ယု ရင်ထဲ နွေးထွေးသွားပြီး သူ့မျက်လုံးတွေ ချက်ချင်း နီရဲလာတယ်။ သူစိမ်းဆန်တဲ့ မြို့ကြီးပြကြီးမှာ ဒီစကားတွေဆီက ရလိုက်တဲ့ နှစ်သိမ့်မှုက သူ တစ်ယောက်တည်းသာ နားလည်နိုင်မယ့် ခံစားချက်မျိုးပါ။

"မရီး... ကျွန်တော် အိမ်အလှဆင်တဲ့ အလုပ်မှာ အကူအဖြစ် အလုပ်ရသွားပြီ။ အခု လောလောဆယ်တော့ အများကြီး မသိသေးလို့ လစာက နည်းနည်း နည်းတယ်။ ဒါပေမဲ့ စားစရိတ် နေစရိတ် ငြိမ်းတယ်၊ နောက်ပိုင်း အလုပ်တွေ ပိုတတ်လာရင် လစာတိုးပေးမယ်တဲ့"

လက်တွေ့ဘဝရဲ့ ရိုက်ခတ်မှုတွေကို အကြီးအကျယ် ခံရပြီးနောက်၊ ဆောင်ယု နောက်ဆုံးတော့ အမှန်တရားကို မြင်သွားခဲ့ပြီ။ မိန်းမတွေကို ချွေးသိပ်ဖို့ စကားချိုချိုတွေ ပြော

တာက အလကားပဲ။ အိမ်မှုကိစ္စတွေ၊ ကုန်ကျစရိတ်တွေနဲ့ အိမ်ထောင်တစ်ခုကို ထိန်းသိမ်းဖို့ဆိုရင် သူ ကြိုးကြိုးစားစား ပိုက်ဆံ ရှာဖို့ လိုအပ်တယ်။ မိန်းမဖြစ်သူကို မထောက်ပံ့နိုင်ရင် သူ့ကို အထင်သေးကြမှာပဲ။

ကျိုတိုကို စရောက်တုန်းက သူလုပ်ခဲ့တဲ့ လုပ်ရပ်တွေကိုလည်း သူ သေချာ ပြန်သုံးသပ်မိတယ်။ သူသာ အလုပ်တစ်ခု ရဖို့ ကြိုးကြိုးစားစား လုပ်ခဲ့မယ်ဆိုရင် ဆစ်ချန်ကတောင် သူ့ကို လေးစားလာနိုင်တယ်။ ရှောင်ဟွေးကို မှီခိုပြီး အချောင်နိုက်ချင်တဲ့ သူ့စိတ်ကူးတွေကြောင့် အခုလို အခြေအနေမျိုး ရောက်သွားခဲ့ရတာ။

အဲဒီအချိန်မှာပဲ အဝေးဆီကနေ အော်သံတစ်ခု ထွက်ပေါ်လာတယ်။ "ဆောင်ယု... မင်း စားလို့ပြီးပြီလား။ မြန်မြန် လာခဲ့၊ အလုပ်စလုပ်ရတော့မယ်"

အဝေးကနေ လူတစ်ယောက်က ရုတ်တရက် လှမ်းခေါ်လိုက်တယ်။ ဆောင်ယုက အမြန် ပြန်ထူးလိုက်ပြီး ထုန်ယောင်ကို နှုတ်ဆက်ကာ၊ ပေါက်စီကို ကိုက်ရင်း အဲဒီလူဆီ ကမန်းကတန်း ပြေးသွားတော့တယ်။

ထုန်ယောင်က ဆောင်ယုနဲ့ ဆုံတွေ့တာကို သာမန် တိုက်ဆိုင်မှုလေး တစ်ခုလို့ပဲ ထင်ပြီး သိပ်အရေးတယူ မလုပ်ခဲ့ဘူး။ ဒါပေမဲ့ သုံးရက် အကြာမှာ သူနဲ့ ထပ်ဆုံလိမ့်မယ်လို့တော့ မမျှော်လင့်ထားခဲ့ဘူး။

လမ်းတစ်ဖက်ခြမ်းမှာ လက်ဖက်ရည်ဆိုင် အသစ်တစ်ဆိုင် ဖွင့်ဖို့ ပြင်နေတယ်။ ဆောင်ယုက အဲဒီဆိုင်က အိမ်အလှဆင် အလုပ်သမားတွေထဲက တစ်ယောက် ဖြစ်နေတာကိုး။

ဆောင်ယုက နည်းနည်း အပြစ်ရှိသလို ခံစားရပြီး ရှင်းပြဖို့အတွက် ထုန်ယောင်ဆီ တကူးတက

လာခဲ့တယ်။ ထုန်ယောင်ကတော့ စိတ်ထဲမထား ပါဘူး၊ စီးပွားရေး ပြိုင်ဘက်တွေ ဒီလောက် မြန်မြန် ပေါ်လာပြီး သူ့ဆိုင်ရဲ့ တည့်တည့်မှာ လာဖွင့်တဲ့အပြင် နာမည်ကိုတောင် ခပ်ဆင်ဆင် ပေးထားတာကိုပဲ အံ့သြနေမိတာ။

သူ့ဆိုင်နာမည်က 'ခိုခို' ဖြစ်ပြီး လမ်းတစ်ဖက်ခြမ်းက ဆိုင်နာမည်က 'ကိုကို' တဲ့။ အစကတော့ ဒါက ပုံမှန် စီးပွားရေး ပြိုင်ဆိုင်မှု သက်သက်ပဲလို့ ထုန်ယောင် ထင်ခဲ့တာ။ ဒါပေမဲ့ မကြာခင်မှာပဲ အဲဒီလမ်းထဲမှာ 'ကိုကို' နဲ့လက်ဖက်ရည်ဆိုင်နောက်ထပ် နှစ်ဆိုင် ကပ်လျက် လာဖွင့်တာကို သူ တွေ့လိုက်ရတယ်။

ဒါက ရိုးရိုး စီးပွားရေး ပြိုင်ဆိုင်မှု မဟုတ်ဘဲ၊ တမင် ရည်ရွယ်ချက်ရှိရှိ လုပ်နေတာ ဆိုတာ ရှင်းလင်းနေပါတယ်။

ဒီဆိုင်တွေရဲ့ ပိုင်ရှင်က ဘယ်သူဖြစ်မလဲဆိုတာ

ထုန်ယောင် စတင် စဉ်းစားလာမိတယ်။ သူက ဆောင်ယုကို မေးကြည့်ပေမယ့်၊ ဆောင်ယုက ဆိုင်ရှင် နာမည်ကို မသိသလို တစ်ခါမှလည်း မမြင်ဖူးဘူးတဲ့။ အလှဆင်မယ့် အသေးစိတ် အချက်အလက်တွေ အားလုံးကို အလုပ်သမား ခေါင်းဆောင်နဲ့ ဆိုင်ရှင်တို့ပဲ ဆွေးနွေးကြတာ လေ။

တစ်ချိန်တည်းမှာပဲ ဆစ်ချန်ဘက်မှာလည်း အခြေအနေ သိပ်မကောင်းလှဘူး။ ကျောက်ရုံဝေက သတိမရသေးသလို ကျောက်ဝမ်ယွီကလည်း ပိုပိုပြီး စိတ်တိုလာတယ်။ သူက ဆေးရုံမှာ ပြဿနာ တော်တော်များများ ရှာခဲ့ပြီး၊ စင်္ကြံလမ်းမှာ ကျောက်ဝမ်ခိုင်နဲ့ ဆစ်ချန် စကားပြော နေတာကို မြင်လိုက်ရတော့ သူတို့နှစ်ယောက် ပူးပေါင်းကြံစည်နေကြတယ်လို့ သူ ယုံကြည် သွားတယ်။

ဆူဆူညံညံ ပြဿနာတချို့ ဖြစ်ပြီးနောက် ရဲတွေ ရောက်လာတဲ့အခါ၊ ဆေးရုံက အပြစ်ကင်းတယ်ဆိုတာ သိလို့ ရဲတွေက ဆေးရုံဘက်က ရပ်တည်ပေးခဲ့ပေမယ့်၊ ကျောက်ဝမ်ယွီကတော့ ဆစ်ချန်နဲ့ ကျောက်ဝမ်ခိုင်ကြားမှာ တရားမဝင် အပေးအယူ တစ်ခုခု ရှိနေတယ်လို့ အခိုင်အမာ ပြောနေတုန်းပဲ။ ကျောက်ဝမ်ခိုင်ကတော့ ဘာမှ မရှင်းပြဘဲ အပြုံးဖျော့ဖျော့လေးနဲ့ပဲ ဆက်နေနေတယ်။

အပိုင်း (၃၅၁) ပြီးဆုံး

***